
စိတ်ကူးချိုချိုအနုပညာ

# ယဉ်ကျေးလေ့လာ အင်္ဂလိပ်စာ

# CULTURAL ENCOUNTERS


ဒေါက်တာစိုးသန်း
Ph.D. (English Studies)
University of Nottingham, U.K.



mgyoe.com

# ယဉ်ကျေးလေ့လာ
# အင်္ဂလိပ်စာ
# CULTURAL ENCOUNTERS

ဒေါက်တာစိုးသန်း
Ph.D. (English Studies)
University of Nottingham, U.K.



Lovely Girl
Created by w

DST0004
2,000.00 KS

mgyoe.com

ယဉ်ကျေးလေ့လာအင်္ဂလိပ်စာ၊ ဒေါက်တာစိုးသန်း
အပြင်အဆင် - အမ်အက်စ်အို
စာမျက်နှာ ၁၅၁+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ယဉ်ကျေးလေ့လာ အင်္ဂလိပ်စာ

# CULTURAL ENCOUNTERS

ဒေါက်တာစိုးသန်း
Ph.D. (English Studies)
University of Nottingham, U.K.

ပထမအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## စကားဦး

တိုင်းပြည်တိုင်း၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှု ရှိကြတယ်။ ကိုယ့်ရဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းလေးစားရသလို သူများရဲ့ယဉ်ကျေးမှုကိုလည်း သိဖို့၊ လိုက်လျောညီထွေစွာ ပြုမူနေထိုင်တတ်ဖို့ လိုပါတယ်။ မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုအခွင့်အရေးတွေ၊ အလုပ်အကိုင် အခွင့်အလမ်းတွေကြောင့် နိုင်ငံပေါင်းစုံမှ လူမျိုးခြား၊ နိုင်ငံခြားသားတွေ လာနေကြပြီ။ AEC 2015 ကြောင့် အိမ်နီးချင်းနိုင်ငံတွေနဲ့ ယခင်ကထက်ပိုပြီး သွားလာဆက်ဆံနေကြပြီ၊ Scholarship တွေ ရလို့၊ မိဘ:စုက တတ်နိုင်လို့ ကျောင်းသားများစွာ အင်္ဂလိပ်စကားပြောတိုင်းပြည်တွေမှာ ကျောင်းသွားတက်နေကြပြီ။ အလုပ်အကိုင်ကြောင့် သွားနေကြတဲ့၊ သွားရန်ကြိုးစားနေကြတဲ့သူတွေလည်း အံများကြီးပါပဲ။ Globalization ကြောင့် ကမ္ဘာကြီး ကျဉ်းလာပြီ။ Mannerism တွေ ဆင်တူလာကြပြီဆိုပေမယ့် English speaking countries တွေဖြစ်တဲ့ U.K, U.S.A, Australia, New Zeland, South Africa တို့မှာ နေထိုင်၊ ပညာသင်ကြားကြမယ့် လူငယ်များအနေနဲ့ သိထားသင့်တဲ့ Cultural specific manners တွေ ရှိပါတယ်။

"A real gentleman is how he behaves when he is alone" လို့ ဆိုကြပေမယ့် လူအများနဲ့ ပေါင်းသင်းဆက်ဆံနေထိုင်ကြတဲ့အခါမှာ ယဉ်ကျေးမှုအရ လူတိုင်းလိုက်နာသင့်တဲ့ အခြေခံစည်းမျဉ်းများ၊ ကိုယ်နှုတ်အမူအရာများ ရှိပါတယ်။ ဒါကို Social etiquette လို့ခေါ်တယ်။ ၎င်းစည်းမျဉ်းတို့ကို မသိသူ၊ မလိုက်နာသူ

ဟာ လူတွေနဲ့ အံဝင်ခွင်ကျမဖြစ်ဘဲ Social misfit၊ သို့မဟုတ် Social wet blanket လို့ အထင်ခံရတတ်တယ်။ ကိုယ်မရည်ရွယ်သော်လည်း ရိုင်းတယ်၊ အလိုက်မသိဘူးလို့ အထင်ခံရတတ်တယ်။ "He is socially awkward" လို့ အပြောခံရတတ်တယ်။

"Culture is embedded in the Language" လို့ ဆိုနိုင်ပါတယ်။ ဒါကြောင့်မို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် အင်္ဂလိပ်စာလည်း တိုးပွားရင်း၊ သူတို့ရဲ့ ပြောဆိုပြုမူ နေထိုင်ပုံတွေကိုပါ သတိထားမိစေရန် ဒီ "ယဉ်ကျေးလေ့လာ အင်္ဂလိပ်စာ" စာအုပ်ကို ပြန်ဆိုပြုစုရခြင်းဖြစ်ပါတယ်။ ဒီစာအုပ်ကို တစ်ယောက်တည်း ဖတ်လည်း ရတယ်။ သို့သော် သူငယ်ချင်းများနဲ့ ဖတ်ပြီး ဆွေးနွေးကြ၊ အဖြေတွေကို ဖလှယ်ကြရင် ပိုပြီးစိတ်ဝင်စားစရာဖြစ်နိုင်ပါတယ်။

အပိုင်း (၁) မှာပါတဲ့ မေးခွန်းတွေကို ဓိဓိဘာသာဝဉ်းစားပြီး ဖြေကြည့်ပါ။ ပြီးမှ Answer Keys ကိုကြည့်ပြီး ရှင်းလင်းချက်တွေကို သဘောပေါက်အောင် ဖတ်ပြီးစဉ်းစားပါ။

အပိုင်း (၂) မှာပါတဲ့ ဝါကျတိုလေးများကိုလည်း ဓိဓိဘာသာ ဘာဆိုလိုတာလဲလို့ အရင်စဉ်းစားကြည့်ပါ။ ပြီးတော့မှ အဖြေကို တိုက်ကြည့်ပါ။ လူငယ်တွေ စိတ်ဝင်စားလိမ့်မယ်။ Culturally more aware/more sensitive ဖြစ်လာနိုင်မယ့်အပြင် အင်္ဂလိပ်စာပါ တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်လျက် ဒီစာအုပ်ကို တင်ဆက်လိုက်ပါတယ်။ ။

မေတ္တာဖြင့်…
Dr. Soe Than
Ph.D. (English Studies)
University of Nottingham, U.K.

Assistant Dean
Institute for English Language Education (IELE)
Assumption University
Bangkok, Thailand
(soethan @ au.edu)

mgyoe.com

mgyoe.com

# မာတိကာ

အပိုင်း (၁)
စဉ်းစားစရာ ပြဿနာများ ၁

**စာသင်ခန်းထဲတွင်**

၁။ ဆရာ အတန်းထဲသို့ ဝင်လာသောအခါ ၃
၂။ အတန်းတက်ဖို့ နောက်ကျနေပြီ ၅
၃။ ဆရာ နောက်ကျတဲ့အခါ ၇
၄။ ကျွန်တော့်အတွက်ကော ၉
၅။ ဘာပြောလိုက်တာလဲ ၁၁
၆။ ဆရာက သတိထားမိစေရန် ၁၃
၇။ ထမင်းစားဖို့ အချိန်မရှိဘူး ၁၅
၈။ ဆရာတွေဟာ အားလုံးကို မသိနိုင်ပါ ၁၇
၉။ ဆရာမတွေသင်တဲ့ အတန်းထဲမှာ ၁၉
၁၀။ အိမ်စာတွေ ကူလုပ်ပေး ၂၁
၁၁။ စာမေးပွဲမှာ စာခိုးချတော့ ၂၃
၁၂။ ဆရာ့အတွက် လက်ဆောင်တွေ (၁) ၂၅
၁၃။ ဆရာ့အတွက် လက်ဆောင်တွေ (၂) ၂၇

mgyoe.com

mgyoe.com

## အပြင်ထွက်လည်တဲ့အခါ


၁၄။ သူများအနား သိပ်မကပ်မိစေနဲ့ ၂၉
၁၅။ ကားကြုံလိုက်ချင်လို့ ၃၁
၁၆။ ဘတ်စ်ကား၊ အငှားကား စောင့်နေစဉ် ၃၃
၁၇။ ဈေးဝယ်သူကို ရောင်းသူက ဂရုစိုက်ခြင်း ၃၅
၁၈။ ဝယ်ပြီးသားပစ္စည်းများအား ဆိုင်သို့ပြန်ပို့ခြင်း ၃၇
၁၉။ စားသောက်ဆိုင်တွင် (၁) ၃၉
၂၀။ စားသောက်ဆိုင်တွင် (၂) ၄၁
၂၁။ ဒီဘယ်လောက်လဲ ၄၃
၂၂။ လမ်းမသိ၍ မေးခြင်း ၄၅


## ပေါင်းသင်းဆက်ဆံရေး


၂၃။ တစ်ခုခုသောက်ပါလား ၄၇
၂၄။ ကိုယ့်အတွက်ကိုယ်ကျွတာရှင်းကြး ၄၉
၂၅။ လူတွေနဲ့ တွေ့ဆုံရာတွင် ၅၁
၂၆။ ကျွန်တော် တကယ်ပြန်ရတော့မယ် ၅၃
၂၇။ ကျွန်တော် ဒါကိုစားလို့လုံးဝမရဘူး ၅၅
၂၈။ လက်ဖြင့်စားခြင်း ၅၇
၂၉။ ဗိုက်ဆာသေးတယ် ၅၉
၃၀။ စိတ်ကြားခံရခြင်း (၁) ၆၁
၃၁။ စိတ်ကြားခံရခြင်း (၂) ၆၃
၃၂။ စိတ်ကြားခံရခြင်း (၃) ၆၅
၃၃။ ပါတီပွဲကို လာတဲ့အခါ ၆၇
၃၄။ အိမ်ရှင်အတွက် လက်ဆောင် ၆၉
၃၅။ သင် စားလို့မရတဲ့ အစာ ၇၁
၃၆။ နမ်းခြင်း ၇၃


mgyoe.com

mgyoe.com


၃၇။ လက်တွဲနှုတ်ဆက်ခြင်း ၇၅

၃၈။ ရင်းနှီးတဲ့အနေနဲ့ ပထမ/ရှေ့နာမည်ပဲ ခေါ်တော့မယ် ၇၇


## သောင်းပြောင်းထွေလာ


၃၉။ လူတွေ့ဖြေဆိုခြင်း ၇၉

၄၀။ မိန်းကလေးတစ်ယောက်တည်းပါလား ၈၁

၄၁။ မရဘူးရှင့်၊ ကျွန်မမှာ အိမ်ထောင်ရှိတယ် ၈၃

၄၂။ ဘုံဆိုင်တွင် ၈၅

၄၃။ အန္တရာယ် မလွယ်ထားနိုင်သောအခါ ၈၇

၄၄။ လက်တွဲလျှောက်ခြင်း (၁) ၈၉

၄၅။ လက်တွဲလျှောက်ခြင်း (၂) ၉၁

၄၆။ ကောင်မလေးကို ချိန်းချင်ရင် ၉၃

၄၇။ ချီးကျူးစကားပြောခြင်း ၉၅

၄၈။ ငါပိုင်တာ မင်းအတွက်မဟုတ်ပါ ၉၇

၄၉။ လမ်းဖြတ်ကူးသောအခါ ၉၉

၅၀။ လူကြီးမင်း အရင်သွားပါ၊ ဦးစားပေးပါတယ် ၁၀၁

အပိုင်း (၂)

မျက်စိကိုဖွင့်၊ နားကို စွင့်ထားပါ ၁၀၃

အပိုင်း [ ၁ ] နှင့် အပိုင်း [ ၂ ] အတွက်အင်္ဂလိပ်လို အဓိပ္ပာယ်ရှင်းချက်နှင့် အဖြေများ ၁၀၇


xxx

mgyoe.com

mgyoe.com

# ယဉ်ကျေးလေ့လာအင်္ဂလိပ်စာ

## CULTURAL ENCOUNTERS

**ဒေါက်တာစိုးသန်း**
Ph.D. (English Studies)
University of Nottingham, U.K.

mgyoe.com

mgyoe.com

# SECTION [ A ]
## The Problem Situations

# အပိုင်း [ ၁ ]
## စဉ်းစားစရာ ပြဿနာများ

mgyoe.com

mgyoe.com



IN CLASS

# 1.

## When the teacher arrives



Students are sitting talking to each other in the classroom. When the teacher comes in, they:

**A.** stand up.
**B.** remain seated but look up at the teacher and pay attention.
**C.** remain seated and keep their eyes down.
**D.** continue talking until the teacher asks for silence.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 1.
# When the teacher arrives
## ဆရာ အတန်းထဲသို့ ဝင်လာသောအခါ

ကျောင်းသားတွေ အတန်းထဲမှာ ထိုင်ပြီး စကားပြောနေကြတယ်။ ဆရာ အတန်းထဲကို ဝင်လာတဲ့အခါမှာ သူတို့ -----------။

(A) မတ်တတ်ရပ်ပြီး နှုတ်ဆက်ကြတယ်။
(B) ထိုင်နေလျက်ပဲ ဆရာကို မော့ကြည့်ကာ အာရုံစိုက်နေကြတယ်။
(C) ခေါင်းငုံ့ကာ ထိုင်နေကြတယ်။
(D) ဆရာက တိတ်ကြပါလို့ပြောတဲ့အထိ စကားဆက်ပြောနေကြတယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA<br>UK နှင့် USA မှာ | Your Country<br>သင့်တိုင်းပြည်မှာ | Your ideal world<br>သင့်စိတ်ကူးကမ္ဘာထဲမှာ |


remain seated = ထိုင်ခုံမှာ ဆက်ထိုင်နေသည်
pay attention = အာရုံစိုက်သည်
ask for silence = တိတ်တိတ်နေခိုင်းသည်
ideal = စံပြ၊ စံနမူနာ (လက်တွေ့တွင် ဖြစ်နိုင်ရန် ခဲယဉ်းသော)

mgyoe.com

mgyoe.com

## IN CLASS

# 2.
## Late for class



A student is late for class and the teacher is already talking when he arrives. He:

**A.** knocks and waits to be let in.
**B.** enters the room and apologizes before taking his seat.
**C.** does not go into class.
**D.** enters as quietly as possible and takes a seat near the door.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com

# 2.
# Late for class
## အတန်းတက်ဖို့ နောက်ကျနေပြီ

ကျောင်းသားတစ်ယောက် အတန်းတက်ဖို့ နောက်ကျနေပြီ။ သူရောက်တော့ ဆရာက စာသင်နေပြီ။ ထိုကျောင်းသားသည် ------------။

(A) တံခါးခေါက်သံပေးပြီး ဆရာ ဝင်ခွင့်ပေးတာကို စောင့်နေမယ်။
(B) ဝင်လာပြီး နောက်ကျတဲ့အတွက် တောင်းပန်ပြီးမှ ထိုင်မယ်။
(C) အတန်းထဲကို မဝင်တော့ဘူး။
(D) တတ်နိုင်သမျှ တိတ်ဆိတ်စွာဝင်လာပြီး တံခါးနားကခုံမှာ ထိုင်လိုက်တယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA<br>UK နှင့် USA မှာ | Your Country<br>သင့်တိုင်းပြည်မှာ | Your ideal world<br>သင့်စိတ်ကူးကမ္ဘာထဲမှာ |

to let in = ဝင်ခွင့်ပေးသည်။
( *please let me in. ဝင်ခွင့်ပေးပါ* )
apologize = တောင်းပန်သည်။


mgyoe.com

mgyoe.com

## IN CLASS

# 3.

## The teacher is late



The lesson was due to begin ten minutes ago but the teacher has not yet arrived. The students:

**A.** stay in class and wait.
**B.** leave the class.
**C.** choose a member of the class to find out what is happening.
**D.** decide to wait or leave, depending on the teacher's seniority.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

# 3.

# The teacher is late

## ဆရာ နောက်ကျတဲ့အခါ

သင်ခန်းစာစရန် ဆယ်မိနစ် နောက်ကျနေပြီ။ ဒါပေမဲ့ ဆရာ ရောက်မလာသေးဘူး။ ကျောင်းသားတို့သည် ------------။

(A) အတန်းထဲတွင်နေကာ ဆရာကို စောင့်နေကြသည်။

(B) ပြန်ကုန်ကြသည်။

(C) ဘာဖြစ်သည်ကိုသိရန် အတန်းဖော်တစ်ယောက်ကို စုံစမ်းခိုင်းသည်။

(D) ဆရာ၏ ရာထူးအဆင့်ပေါ် မူတည်၍ ဆက်စောင့်မလား၊ ပြန်မလားကို ဆုံးဖြတ်ကြသည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

due to + V = အချိန်ဇယားနှင့် စီစဉ်ထားသော

○ *The Plane is due to leave at 9:00 a.m.* လေယာဉ်က မနက် ကိုးနာရီမှာ ထွက်မှာ။

○ *Your homework is due this Friday.* မင်းရဲ့အိမ်စာ ဒီသောကြာနေ့မှာ ဆရာဆီ တင်ရမယ်။

○ *to find out what is happening.* ဘာဖြစ်နေသည်ကို သိရှိရန် လုပ်သည်။


seniority = အသက် / ဝါ / ရာထူးအဆင့်မြင့်ခြင်း။

mgyoe.com

## IN CLASS

# 4.

# What about me?



The teacher has given out worksheets in class, but one student did not get one. He says:

**A.** "Hey! You've forgotten me!"
**B.** "Give me one please."
**C.** "May I have one please?"
**D.** nothing.

| UK/USA | Your Country | Your ideal world |
|---|---|---|
| ☐ | ☐ | ☐ |

mgyoe.com

mgyoe.com

စာသင်ခန်းထဲတွင်

# 4.
# What about me?
## ကျွန်တော့်အတွက်ကော

ဆရာမှ လေ့ကျင့်ခန်းစာရွက်များ ဝေပြီးသွားရာ ကျောင်းသားတစ်ယောက် မရလိုက်ပေ။ ---------- ဟု ထိုကျောင်းသား ပြောလိမ့်မည်။

(A) "ဟော့၊ ဆရာ··· ကျွန်တော့်အတွက် မေ့သွားပြီ"
(B) "ကျွန်တော့်ကို တစ်ရွက်ပေးပါ"
(C) "ကျွန်တော် တစ်ရွက်လောက် ရနိုင်မလား"
(D) ဘာမှမပြောပါ။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA<br>UK နှင့် USA မှာ | Your Country<br>သင့်တိုင်းပြည်မှာ | Your ideal world<br>သင့်စိတ်ကူးကမ္ဘာထဲမှာ |

to give out = distribute = ဖြန့်ဝေသည်။
worksheets = handouts = လေ့ကျင့်ခန်း / မှတ်စုစာတမ်းများ။

mgyoe.com

mgyoe.com

IN CLASS

# 5.

## I beg your pardon?



A student does not understand something the teacher has said in the lesson. He:

**A.** asks the student next to him to explain.
**B.** says nothing and asks someone about it after the lesson.
**C.** asks the teacher to repeat or explain the point.
**D.** waits until the end of the lesson to ask the teacher what he said.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 5.

# I beg your pardon?

## ဘာပြောလိုက်တာလဲ

သင်ခန်းစာထဲမှာ ဆရာပြောသွားသော အကြောင်းအရာတစ်ခုကို ကျောင်းသားက နားမလည်ပေ။ ထိုကျောင်းသားသည် ————။

(A) သူ့ဘေးမှ ကျောင်းသားကို ရှင်းပြခိုင်းသည်။
(B) ဘာမှမပြောဘဲ အတန်းပြီးမှ တစ်ယောက်ယောက်ကို ရှင်းပြခိုင်းသည်။
(C) ဆရာကို ထပ်ပြောပြရန်၊ ထပ်ရှင်းပြပေးရန် တောင်းဆိုသည်။
(D) ဆရာကို စာသင်ပြီးမှမေးရန် စောင့်နေသည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

to beg = တောင်းခံသည်။
pardon = ခွင့်လွှတ်မှု။

o *I beg your pardon.* တစ်ဖက်သားမှပြောသည်ကို မကြားလိုက်၍ ထပ်ပြောရန် တောင်းပန်မှု။
o *Sorry, Can you say that again?, Sorry, come again* ဟသော်လည်း ပြောကြသည်။
next to = beside = ဘေးမှာ။

mgyoe.com

mgyoe.com

IN CLASS

# 6.

## Getting the teacher's attention



The students are working on writing assignments in class. One student has a problem with hers and would like to ask the teacher about it, but the teacher is busy talking to another student. She:

**A.** sits quietly and waits until the teacher notices her.
**B.** goes over to the teacher, excuses herself and explains her problem.
**C.** waits until the teacher has finished talking, raises her hand and gets his attention.
**D.** walks over to the teacher and waits quietly nearby.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 6.
# Getting the teacher's attention
## ဆရာက သတိထားမိစေရန်

ကျောင်းသားများသည် အတန်းထဲတွင် ဆရာခိုင်းထားသည့် အကြောင်းအရာ တစ်ခုကို ရေးနေကြသည်။ ကျောင်းသူတစ်ဦးသည် ဘာလုပ်ရမှန်းမသိ၍ ဆရာကို မေးချင်သော်လည်း ဆရာက အခြားကျောင်းသားတစ်ဦးနှင့် စကားပြောနေသည်။ ထိုကျောင်းသူသည် ————။

(A) ဆရာ သူမကို သတိပြုမိသည့်တိုင်အောင် တိတ်တိတ်လေးထိုင်နေမည်။
(B) ဆရာ့အနားသို့သွားကာ၊ ခွင့်တောင်းပြီး သူမ၏အခက်အခဲကို ပြောပြမည်။
(C) ဆရာစကားပြောပြီးသည်အထိစောင့်ကာ လက်ထောင်ပြပြီး ဆရာ သတိထားမိစေရန် ပြုမည်။
(D) ဆရာ့အနားသို့လျှောက်သွားကာ တိတ်ဆိတ်စွာ စောင့်နေမည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

attention = အာရုံစိုက်မှု၊ ဂရုစိုက်မှု

○ *Pay attention to your driving.* ကားကို အာရုံစိုက်မောင်းပါ။

○ *You tried to get her attention.* သူမ မင်းကိုသတိထားမိအောင် မင်းလုပ်တယ်။

mgyoe.com

mgyoe.com

## IN CLASS

# 7.
# No time for lunch



A student is very busy and does not have time for lunch before the afternoon class starts. He:

**A.** takes a snack into class, sits at the back of the room and eats it.
**B.** goes hungry.
**C.** tries to eat a little very quickly before class.
**D.** considers lunch is more important, eats and goes late into class.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com

# 7.
# No time for lunch
## ထမင်းစားဖို့ အချိန်မရှိဘူး

ကျောင်းသားတစ်ဦးဟာ အလုပ်များလွန်းလို့ နေ့ခင်း အတန်းမစခင် မနက်စာ မစားခဲ့ရဘူး။ ထိုကျောင်းသားဟာ -------------။

(A) အတန်းထဲကို မုန့်ယူလာပြီး နောက်နားမှာ ထိုင်စားမည်။
(B) အဆာခံလိုက်မည်။
(C) အတန်းမစခင် နည်းနည်းနှင့်သွက်သွက်လေး စားလိုက်မည်။
(D) မနက်စာစားဖို့က ပိုအရေးကြီးသည်ဟု ယူဆလို့ အရင်စားပြီး အတန်းကို နောက်ကျမှ သွားမည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

snack = သရေစာမုန့်။

mgyoe.com

mgyoe.com

IN CLASS

# 8.
## Teachers don't know everything




A teacher does not know the answer to a student's question. He:

**A.** ignores the question
**B.** asks someone in class to answer the question.
**C.** confesses that he does not know the answer but will find out.
**D.** bluffs (i.e. pretends he knows and gives an unclear answer).

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |

mgyoe.com

mgyoe.com

စာသင်ခန်းထဲတွင်

# 8.
# Teachers don't know everything
## ဆရာတွေဟာ အားလုံးကို မသိနိုင်ပါ

ကျောင်းသားတစ်ဦးရဲ့မေးခွန်းကို ဆရာက အဖြေမသိပါ။
ထိုဆရာသည် -------------။

(A) မေးခွန်းကို လျစ်လျူရှုလိုက်သည်။
(B) အတန်းထဲမှ တစ်ယောက်ယောက်ကို ဖြေခိုင်းသည်။
(C) မိမိ အဖြေကိုမသိပါဟု ဝန်ခံပြီး အဖြေနောက်မှ ရှာပေးပါ့မည်ဟု ပြောသည်။
(D) အဖြေကို သိသလိုလို ဖြီးဖြန်းလိုက်သည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

to ignore = လျစ်လျူရှုသည်၊ မသိဟန်ဆောင်သည်။
to confess = ဖွင့်ဟဝန်ခံသည်။
to bluff = ဖြီးဖြန်းသည်။

o *His lecture was interspersed with a good sense of humor and a bit of bluffing.*


*သူ့ဟောပြောချက်က ဟာသဉာဏ်နဲ့ ဖြီးဖြန်းတာလေးနဲ့ ရောထားတယ်။*

mgyoe.com

mgyoe.com

## IN CLASS

# 9.
## Women teachers



A teacher sometimes sits on her desk, wears trousers in class and often talks to her male as well as her female students informally after class. She is obviously:

**A.** undignified or unprofessional.
**B.** behaving quite naturally.
**C.** rather unusual.
**D.** trying to be too friendly.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

# 9.

## Women teachers

## ဆရာမတွေသင်တဲ့ အတန်းထဲမှာ

ဆရာမက စာသင်နေစဉ် စားပွဲပေါ်မှာ မှီထိုင်တယ်။ အတန်းထဲကို ဘောင်းဘီရှည် ဝတ်လာတယ်။ တစ်ခါတလေ အတန်းပြီးရင် ကျောင်းသားတွေနဲ့ ရော၊ ကျောင်းသူတွေနဲ့ပါ လွတ်လွတ်လပ်လပ် စကားပြောတယ်။ အဲဒီဆရာမဟာ ------------ ဆိုတာ သိသာတယ်။

(A) သိက္ခာမရှိဘူး၊ ပညာသည် မဆန်ဘူး။
(B) ဟန်မဆောင်ဘဲ သူနေတတ်သလို နေတယ်။
(C) ခပ်ကြောင်ကြောင်နိုင်တယ်။
(D) သိပ်ပြီး ရင်းနှီးချင်ပုံ ပြနေတယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

male = ကျား။
female = မ။
formal = စည်းကမ်းတကျ၊ ခပ်ခပ်နားနား။
informal = လွတ်လွတ်လပ်လပ်၊ စည်းကမ်းမတင်းကျပ်သော။
obvious = သိသာထင်ရှားသော။
undignified = ယဉ်ကျေးမှုသိက္ခာမရှိသော။
unprofessional = ပညာသည်မဆန်သော။


mgyoe.com

mgyoe.com

IN CLASS

# 10.

## Homework help



A student finds he cannot do his homework because it is too difficult. He:

**A.** copies the answers from a friend.
**B.** gets someone to help him.
**C.** gives up and tells the teacher in the next lesson.
**D.** finds an excuse for not doing it.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 10.

## Homework help

## အိမ်စာတွေ ကူလုပ်ပေး

ကျောင်းသားတစ်ယောက် အိမ်စာခက်လွန်းလို့ ကိုယ်တိုင်မလုပ်နိုင်တော့ သူဟာ ——————။

(A) သူငယ်ချင်းဆီက အဖြေတွေ ကူးချတယ်။
(B) တစ်ယောက်ယောက်ကို ကူခိုင်းတယ်။
(C) လက်လျှော့လိုက်ပြီး နောက်နေ့မှာ ဆရာ့ကို ပြောပြတယ်။
(D) အိမ်စာမလုပ်နိုင်ကြောင်း ဆင်ခြေပေးဖို့ စဉ်းစားရတယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

to give up = လက်လျှော့အရှုံးပေးသည်။
○ *Don't give up easily.* လွယ်လွယ်နဲ့ အရှုံးမပေးနဲ့။
excuse = ဆင်ခြေဆင်လက်။
○ *Don't give me lame excuses.* ပေါက်ကရဆင်ခြေတွေ ငါ့ကိုလာမပေးနဲ့။
○ *These days people use the traffic jams as an excuse when they turn up late for an appointment.* ချိန်းထားတာကို နောက်ကျရောက်လာရင် ကားတွေပိတ်နေလို့ပါလို့ ဆင်ခြေပေးကြတယ်။

mgyoe.com

mgyoe.com


IN CLASS

# 11.
# Cheating



During a placement test to find out to which classes the students are to be allocated, the teacher does not seem to be taking much notice of what the students are doing and it seems as if it would be very easy for them to cheat. This means that:

**A.** the teacher is a fool.
**B.** the teacher is not doing his job.
**C.** cheating is quite acceptable.
**D.** students are expected not to cheat.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com

# 11.
## Cheating
## စာမေးပွဲမှာ စာခိုးချတော့

ကျောင်းသားတွေကို သင့်တော်ရာ အတန်းတွေမှာ ခွဲဖို့ စစ်မေးတဲ့ ဝင်ခွင့်စာမေးပွဲမှာ စောင့်တဲ့ဆရာက ဂရုစိုက်ပြီး စောင့်ကြည့်နေပုံမရတော့ ကျောင်းသားတွေ စာခိုးချဖို့ လွယ်သလိုဖြစ်နေတယ်။ ဒါဟာ ——— လို့ ယူဆရတယ်။

(A) ဆရာဟာ အရူးပဲ / အသုံးမကျဘူး။
(B) ဆရာဟာ သူ့အလုပ်ကို သေချာစွာမလုပ်ဘူး။
(C) စာခိုးချတာကို လက်ခံတယ်။
(D) ကျောင်းသားမှန်ရင် စာမခိုးချရဘူး။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

placement test (entrance exam) = ဝင်ခွင့်စာမေးပွဲ။
to cheat = ခိုးချသည် / ဖောက်ပြန်သည်။
○ *She cheated in the exam.* သူမ စာမေးပွဲမှာ ခိုးချတယ်။
○ *She was caught cheating.* ခိုးချနေတာကို ဖမ်းမိတာ။
○ *He cheated on his wife.* သူ့မိန်းမအပေါ်မှာ ဖောက်ပြန်တယ်။
acceptable = လက်သင့်ခံနိုင်သော၊ လုပ်၍ရသော။

mgyoe.com

mgyoe.com

IN CLASS

# 12.

## Gifts for the teacher (1)




A student finds out which teacher is going to mark his examination paper. He:

**A.** says nothing.
**B.** tries to get friendly with the teacher.
**C.** gives the teacher a nice present and says nothing.
**D.** asks the teacher what he would like in exchange for awarding good marks.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 12.

## Gifts for the teacher (1)

## ဆရာ့အတွက် လက်ဆောင်တွေ (၁)

ကျောင်းသားတစ်ယောက်ဟာ သူ့ရဲ့စာမေးပွဲအဖြေလွှာကို ဘယ်ဆရာက ခြစ်မယ် ဆိုတာ သိသွားတယ်။ ထိုကျောင်းသားဟာ ------------။

(A) ဘာမှ မပြောဘူး။

(B) ဆရာနဲ့ ရင်းနှီးအောင် ကြိုးစားတယ်။

(C) ဆရာ့ကို လက်ဆောင်ကောင်းကောင်းပေးပြီး ဘာမှမပြောဘူး။

(D) အမှတ်ကောင်းကောင်းပေးရင် ဆရာ ဘာယူချင်လဲလို့ မေးတယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

to mark = အဖြေလွှာကို အမှတ်ခြစ်သည်။

o *The teacher hasn't marked my eassy yet. ငါ့ရဲ့ စာစီစာကုံးကို ဆရာ မစစ်ရသေးဘူး။*

in exchange for = ဖလှယ်သည့်အနေဖြင့်။

o *I will give you these DVDs in exchange for the novels I've taken from you. မင်းဆီက ဝတ္ထုတွေယူထားတဲ့အတွက် ဒီ DVD တွေကို အစား ပြန်ပေးတာ။*

to award = ဆုပေး / ချီးမြှင့်သည်။

mgyoe.com

mgyoe.com


## IN CLASS

# 13.

## Gifts for the teacher (2)



When is it acceptable to give the teacher a gift?

**A.** never.
**B.** any time.
**C.** on special occasions such as festivals and celebrations.
**D.** at the end of term.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 13 .

# Gifts for the teacher (2)

## ဆရာ့အတွက် လက်ဆောင်တွေ (၂)

မည်သည့်အခါတွင် ဆရာ့ကို လက်ဆောင်ပေးနိုင်သနည်း။

(A) ဘယ်တော့မှ မပေးပါနဲ့။

(B) အချိန်မရွေး ပေးနိုင်သည်။

(C) နေ့ကြီးခါကြီး၊ ပွဲတော်လိုအချိန်များမှာ ပေးနိုင်သည်။

(D) ကျောင်းပိတ်ခါနီးတွင် ပေးနိုင်သည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

acceptable = လုပ်၍ရသော၊ လက်ခံနိုင်သော။

special occasions = ထူးခြားသော၊ အရေးကြီးသောအခါသမယများ။

term=school term = ကျောင်းစဖွင့်ရက်မှ ပိတ်သည်အထိ (စာသင်နှစ်)

*term ကို semester ဟုလည်း သုံးကြသည်။ ၄ လကြာသည့် တက္ကသိုလ်ကျောင်းဖွင့်ချိန်။ (တစ်နှစ်တွင် two semesters ဖွင့်သည်)။*

*o I will take up more subjects next term.*

*နောက်ကျောင်းဖွင့်ရင် ငါ ဘာသာရပ်တွေ ပိုယူမယ်။*

*တချို့ဗြိတိန်တက္ကသိုလ်သင်တန်းများမှာ တစ်ကြိမ်ကို သုံးလကြာသည်။ trimester ဟု ခေါ်သည်။ တစ်နှစ်တွင် three trimesters ဖွင့်သည်။ ကြားကာလ ပိတ်ထားချိန်ကို term break ဟု ခေါ်သည်။*

mgyoe.com


mgyoe.com



OUT AND ABOUT

# 14.

## Keeping your distance



A man gets on a bus, goes all the way to the back and sits by himself even though there is a spare seat nearer the entrance, next to someone else. This means:

**A.** he does not like people.
**B.** he does not like the person in the seat next to the empty one.
**C.** he prefers to sit alone if possible.
**D.** he cannot have noticed the spare seat.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 14.

## Keeping your distance

## သူများအနား သိပ်မကပ်မိစေနဲ့

ဘတ်စ်ကားပေါ် တက်လာတဲ့ လူတစ်ယောက်ဟာ ဝင်ပေါက်အနီးမှာ ခရီးသည်တစ်ဦးထိုင်နေတဲ့ဘေးမှာ ထိုင်ခုံလွတ်ရှိနေပေမယ့် ဝင်မထိုင်ဘဲ ကားနောက်ခုံးသို့ လျှောက်သွားပြီး တစ်ယောက်တည်း သွားထိုင်တယ်။ ဒါဟာ ——————။

(A) သူဟာ လူတွေကို မနှစ်မြို့လို့ပဲ။

(B) သူဟာ ထိုင်ခုံလွတ်ဘေးမှာ ထိုင်နေတဲ့လူကို သဘောမကျလို့ပါ။

(C) သူဟာ ဖြစ်နိုင်ရင် တစ်ယောက်တည်းထိုင်ချင်လို့ပါ။

(D) ထိုင်ခုံလွတ်ရှိတာကို သူ သတိမပြုမိလို့ ဖြစ်ရမယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

distance = အကွာအဝေး

o *I keep my distance from the lady.* ကျွန်တော် အမျိုးသမီးနဲ့ ခပ်ခွာခွာနေတယ်။ သိပ်မကပ်စေဘူး။ (ယဉ်ကျေးမှုအရ တစ်ပါးသူကို *personal space* ပေးရတယ်)

to sit by himself = to sit alone= တစ်ယောက်တည်းထိုင်သည်။

a spare seat = an empty seat = ထိုင်ခုံအလွတ်

next to = beside = ဘေးမှာ

to prefer = ပိုရွေးကြိုက်နှစ်သက်သည်။

o *I prefer tea to coffee.* ကော်ဖီထက် လက်ဖက်ရည်ကို ပိုကြိုက်တယ်။

mgyoe.com

mgyoe.com

## OUT AND ABOUT

# 15.
## Getting a lift




A young man is in a hurry to go somewhere out of town. He has missed the bus and cannot take a taxi. He:

**A.** stops someone in a car who seems to be going in the same direction and requests a lift.
**B.** stands at the end of the road and indicates to the passing traffic that he would like a lift.
**C.** finds out the time of the next bus and waits for it.
**D.** begins to walk in the hope that he might be able to stop the next bus that comes along.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

mgyoe.com



# 15.

# Getting a lift

## ကားကြုံလိုက်ချင်လို့

လူငယ်တစ်ယောက်ဟာ မြို့ပြင်ဘက်ကို အလောတကြီး သွားဖို့လိုနေတယ်။ ဘတ်စ်ကားလည်း လွတ်သွားပြီး အငှားကားလည်း မရပါ။ ထိုလူငယ်ဟာ ——————။

(A) လမ်းကြုံသွားနေတဲ့ ကားတစ်စီးကိုတားပြီး လိုက်ပါရစေလို့ ခွင့်တောင်းတယ်။

(B) လမ်းထိပ်ကနေရပ်ပြီး ဖြတ်သွားတဲ့ကားတွေကို လမ်းကြုံလိုက်ခွင့်ပေးဖို့ အမူအရာနဲ့ တားတယ်။

(C) နောက်ဘတ်စ်ကား ဘယ်အချိန်ထွက်မလဲ စုံစမ်းပြီး စောင့်နေလိုက်တယ်။

(D) နောက် ထွက်လာမယ့်ဘတ်စ်ကားကို တားလို့ရမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ ချီတက်ခရီးဆက်တော့တယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

getting a lift = ကားကြုံလိုက်ခြင်း (*lift* ဆိုတာနဲ့ ဓာတ်လှေကားလို့ မထင်နဲ့ဦး)

○ *Can you give me a lift? ငါ မင်းနဲ့ ကားကြုံလိုက်လို့ ရမလား။*

*end of the road* = လမ်းထိပ်။

to indicate = ညွှန်ပြသည်။

*in the hope that* = မျှော်လင့်၍/မျှော်လင့်ချက်နဲ့ လုပ်သည်။

○ *He sent her some roses in the hope that she will forgive him.* သူမ သူ့ကို ခွင့်လွှတ်လိမ့်မယ်လို့ မျှော်လင့်လျက် နှင်းဆီပန်းတွေ ပို့လိုက်တယ်။


mgyoe.com

mgyoe.com

## OUT AND ABOUT

# 16.

# Waiting for a bus or taxi




A lady wishing to take a bus or a taxi discovers there is a queue* of people already waiting there. She:

**A.** goes to the back of the queue.
**B.** goes to the front of the queue.
**C.** stands away from the queue and gets on to the bus or into the taxi as soon as one arrives.
**D.** asks if she can be the first person to get on the next bus or into the next taxi.

* Line (Am)

| UK/USA | Your Country | Your ideal world |
|---|---|---|
| ☐ | ☐ | ☐ |

mgyoe.com

mgyoe.com


# 16.
# Waiting for a bus or taxi
## ဘတ်စ်ကား၊ အငှားကား စောင့်နေစဉ်

ဘတ်စ်ကား / အငှားကားစီးချင်တဲ့ မိန်းမတစ်ယောက်ဟာ သူ့ရှေ့မှာ လူတွေ တန်းစီပြီး စောင့်နေတာ တွေ့တယ်။ သူမဟာ ----------။

(A) နောက်နားကနေ သွားတန်းစီစောင့်တယ်။
(B) တန်းရဲ့ ရှေ့ဆုံးကနေ သွားစီတယ်။
(C) စီထားတဲ့တန်းနဲ့ ဝေးဝေးမှာရပ်နေပြီး ကားလာတာနဲ့ ပြေးတက်တော့တာပဲ။
(D) နောက်လာမယ့် ဘတ်စ်ကား/အငှားကားကို သူမ အရင်ဆုံးတက်လို့ ရမလားလို့ လူတွေကို ခွင့်တောင်းတယ်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |


to discover = ရှာဖွေတွေ့ရှိသည်။
queue = တန်းစီထားခြင်း။
*Please queue here.* *ဒီမှာ တန်းစီပါ။*
*Don't jump the queue.* *ကြားဖြတ်ပြီး မစီပါနဲ့။*
*American English တွင် queue အစား line ဟု သုံးသည်။*

mgyoe.com

mgyoe.com

## OUT AND ABOUT

# 17.
## Being served




A man sees what he wants behind the counter in a shop. The sales assistant is talking to another customer. The man:

**A.** tries to get served by interrupting the conversation.
**B.** goes behind the counter and gets what he wants.
**C.** waits until the other customer has finished and then asks the assistant to help him.
**D.** waits for a few moments and then clicks his fingers, whistles or bangs on the counter to get attention.

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |

mgyoe.com

# 17.

## Being served

## စျေးဝယ်သူကို ရောင်းသူက ဂရုစိုက်ခြင်း

လူတစ်ယောက်ဟာ သူလိုချင်တဲ့ပစ္စည်းကို ဆိုင်ရဲ့ကောင်တာထဲမှာ ပြထားတာ တွေ့တယ်။ အရောင်းစာရေးမက နောက်စျေးဝယ်သူတစ်ယောက်နဲ့ စကားပြော နေတယ်။ ထိုသူသည် -------------။

(A) သူတို့စကားပြောနေသည်ကို ကြားဖြတ်ဝင်ပြောပြီး သူ့ကို ဂရုစိုက်စေရန် ပြုသည်။

(B) ကောင်တာနောက်သို့သွားကာ သူလိုချင်သောပစ္စည်းကို ယူလိုက်သည်။

(C) အခြားစျေးဝယ်သူ ပြီးသည်အထိ စောင့်နေပြီးမှ အရောင်းစာရေးမကို ကူညီစေသည်။

(D) ခဏစောင့်နေပြီးနောက် လက်ဖျောက်တီးကာ၊ လေချွန်ကာ၊ ကောင်တာကို ဘန်းဘန်းမြည်အောင်ရိုက်ပုတ်ပြီး သူ့ကို ဂရုပြုမိစေရန် လုပ်သည်။

| ☐ | ☐ | ☐ |
| --- | --- | --- |
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |


sales assistant = အရောင်းစာရေး
to interrupt = ကြားဖြတ်နှောင့်ယှက်သည်
to click one's fingers = လက်ဖျောက်တီးသည်
to whistle = လေချွန်သည်
to bang = အားဖြင့် ထုရိုက်သည်

mgyoe.com

mgyoe.com

OUT AND ABOUT

# 18.
## Returning Purchases



A man has bought a shirt and discovers it is not suitable. He returns to the shop where they will most likely:

**A.** not accept the shirt back.
**B.** exchange it for another.
**C.** refund the money.
**D.** offer credit instead.

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |

mgyoe.com

mgyoe.com


# 18.
## Returning Purchases
## ဝယ်ပြီးသားပစ္စည်းများအား ဆိုင်သို့ပြန်ပို့ခြင်း

လူတစ်ယောက်သည် ရှပ်အင်္ကျီဝယ်ပြီးမှ သူနဲ့မသင့်တော်ဟု သိသည်။ သူဝယ်ခဲ့သည့်ဆိုင်သို့ ပြန်သွားရာတွင် ဖြစ်နိုင်သည်မှာ -------------။

(A) ဆိုင်က သူ့ရှပ်အင်္ကျီကို လက်မခံပါ။
(B) ဆိုင်က နောက်တစ်ထည်နဲ့ လဲပေးလိုက်သည်။
(C) ဆိုင်က ပိုက်ဆံပြန်အမ်းပေးမည်။
(D) အဲဒီပိုက်ဆံအရေအတွက်နဲ့ ညီမျှသည့်ဆိုင်မှ အခြားပစ္စည်းတစ်ခုကို ပေးဝယ်စေသည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

purchase (v/n) = ဝယ်ယူသည်/ဝယ်ထားသောပစ္စည်း။
suitable = သင့်တော်သော
likely = ဖြစ်ကောင်းဖြစ်နိုင်သော
*It is likely to rain tonight. ဒီည မိုးရွာနိုင်ခြေရှိတယ်။*
to exchange = လဲလှယ်သည်
to refund = ပြန်အမ်းသည်
credit = (ဤဝါကျတွင် 'in-store credit' ကို ဆိုလိုသည်။ ပိုက်ဆံပြန်အမ်းတာမဟုတ်၊ အဲဒီတန်ဖိုးအတိုင်း ဆိုင်ထဲမှာပဲ တခြားပစ္စည်းကို ပြန်ဝယ်စေတာဖြစ်သည်။)

mgyoe.com

mgyoe.com

## OUT AND ABOUT

# 19.

## At the restaurant (I)



A customer sitting at a table in a restaurant would like to get the waiter's attention. He:

**A.** calls out "Hey, waiter!" or something similar, in a loud voice.

**B.** claps his hands or snaps his fingers.

**C.** waits until the waiter comes to the table.

**D.** tries to catch the waiter's eye and states his request when the waiter is near enough to hear him.

☐ UK/USA ☐ Your Country ☐ Your ideal world

mgyoe.com

# 19.

## At the restaurant (I)

## စားသောက်ဆိုင်တွင် (၁)

စားသောက်ဆိုင်ရှိ စားပွဲတစ်လုံးတွင် ထိုင်နေသော စားသုံးသူတစ်ယောက်ဟာ စားပွဲထိုး သူ့ကို အာရုံပြုမိစေချင်တယ်။ ထိုသူသည် ----------။

(A) "ဟေး၊ စားပွဲထိုး" ကဲ့သို့ အသံကျယ်ကျယ်ဖြင့် အော်ခေါ်မည်။
(B) လက်ခုပ်တီးမည်၊ သို့မဟုတ် လက်ဖျောက်တီးမည်။
(C) စားပွဲထိုး သူ့စားပွဲနားသို့ လာသည်အထိ စောင့်နေလိမ့်မည်။
(D) စားပွဲထိုးနှင့် အကြည့်ချင်းဆုံမိအောင်လုပ်ပြီး စားပွဲထိုးက သူ့ကို ကြားနိုင်လောက်တော့မှ သူလိုချင်တာကို ပြောမည်။

| UK/USA | Your Country | Your ideal world |
|---|---|---|
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

attention = ဂရုစိုက်မိမှု၊ အာရုံစိုက်မှု
to call out = အော်ခေါ်သည်
to clap one's hands = လက်ခုပ်တီးသည်
to snap one's fingers = လက်ဖျောက်တီးသည်

mgyoe.com

mgyoe.com

## OUT AND ABOUT

# 20.

## At the restaurant (II)




A customer has had a table reserved for dinner in a restaurant. When he arrives, he discovers that there does not seem to be a record of the reservation. His first reaction is to:

**A.** demand to see the manager.
**B.** complain.
**C.** try another restaurant.
**D.** verify the mistake and attempt to get another table.

☐ UK/USA

☐ Your Country

☐ Your ideal world

mgyoe.com

mgyoe.com



# 20.

## At the restaurant (II)

## စားသောက်ဆိုင်တွင် (၂)

စားသုံးသူတစ်ဦးသည် စားသောက်ဆိုင်တွင် ညစာစားရန် စားပွဲတစ်လုံးကို ကြိုတင်သီးသန့်ဖယ်ခိုင်းထားသည်။ သူ ဆိုင်သို့ရောက်သောအခါ သူမှာထားသည့်အတိုင်း စာရင်းတွင် မရှိသည်ကို တွေ့ရသည်။ သူ ချက်ချင်းတုံ့ပြန်မည့်ပုံမှာ ------------။

(A) မန်နေဂျာနှင့်တွေ့ရန် တောင်းဆိုမည်။
(B) မကျေနပ်၍ တိုင်ကြားမည်။
(C) တခြားဆိုင်သို့ သွားမည်။
(D) မှားနေသည်ကို ပြင်ခိုင်းပြီး စားပွဲနောက်တစ်လုံးရရန် ကြိုးစားမည်။

| ☐ | ☐ | ☐ |
|---|---|---|
| UK/USA | Your Country | Your ideal world |
| UK နှင့် USA မှာ | သင့်တိုင်းပြည်မှာ | သင့်စိတ်ကူးကမ္ဘာထဲမှာ |

to reserve = သီးသန့်မှာထားသည်၊ ဖယ်ထားရန် ကြိုတင်မှာထားသည်။
*reservation ဟာ booking နဲ့ အတူတူပါပဲ။*
to demand = တောင်းဆိုမည်။
to verify the mistake = အမှားကို ပြင်သည်
to attempt = to try = ကြိုးစားသည်။

mgyoe.com